
ပြင်ဦးလွင်မှာကြောက်တဲ့ည
နွေရှက်လှာ

"ပြင်ဦးလွင်မှာ ခြောက်တဲ့ ည"

"နွေရှက်လွှာ"

"ရှင် "

ရုံးက HR၏ ခေါ်သံကြောင့် ကွန်ပြူတာ စာရိုက်နေသော ကျွန်မ တစ်ချက် မော့ကြည့်မိသည် ။

"မနက်ဖြန် .. ရန်ကုန် Marketing. အဖွဲ့နဲ့ ပြင်ဦးလွင်ကို လိုက်ရမယ် "

ကျွန်မ ငိုချင်သွားသည် ။ နယ်ထွက်ချင်တာ မဟုတ်။ ရန်ကုန် ရုံးချုပ်က Marketing တွေ မန်းလေး ဆင်းလာကတည်းက နယ်ထွက်ရတော့မည် ဆိုတာ သိနေခဲ့သည် ။

"မနက် ၇နာရီ ထွက်မှာ ။ လိုအပ်တာ အကုန် ပြင်ဆင်ထား "

"အစ်ကို "

"ပြော "

HRအစ်ကို ကျွန်မကို မကြိုက်တဲ့ အမူအရာနှင့် ကြည့်လျှင် ဘာပြောရမှန်း မသိ ဖြစ်သွားသည် ။ ငြင်းဆန်၍ ရမည်လဲ မဟုတ်။ မန္တလေး Marketing အဖွဲ့ထဲက တစ်ယောက်ယောက်တော့ မေမြို့ကို ပါမှ ဖြစ်မည်။

"ဟိုလေ .. ဘယ်၂ရက် နေရမှာ လဲ ။ နေ့ချင်းပြန်လား"

HRအစ်ကို တစ်ချက် စဉ်းစားသည် ။ ပြီးလျှင် ကျွန်မကို ခဏဆိုပြီး လက်ပြကာ ရန်ကုန် Marketing ခေါင်းဆောင်နှင့် စကားညှိနေသည် ။ ဟူး… ကျွန်မ မလိုက်ချင်ပါ။ ကျွန်မလည်း ဘေးနား လာထိုင်သော မန္တလေးရုံး Marketing ခေါင်းဆောင်ကို မျက်နှာလေးမဲ့ ကာ

"မကြီး .. သမီး မမြို့ကို လိုက်ရမယ်တဲ့ "

" လိုက်သွားပေါ့ "

မဖူး စပ်ဖြီးဖြီး ပြောလျှင် ကျွန်မ စိတ်ဓာတ်ကျသွားသည် ၊

" မကြီးကလဲ .. ရန်ကုန်က အဖွဲ့တွေနဲ့ မလိုက်ချင်ပါဘူး။ စိတ်ကျဉ်းကျပ်တယ်"

"ညီမ အစ်ကိုတို့ နဲ့ လိုက်ရမှာ ဘာ အခက်အခဲ ရှိလို့ လဲ.."

ရုတ်တရက် ရောက်လာတဲ့ အသံကြောင့် ကျွန်မ ကမန်းကတမ်း ထရပ်လိုက်သည် ။ ပြောစရာ စကားလုံးတွေက အစ ရှာမတွေ့။

"မ .. မရှိပါဘူး အစ်ကို။ရက် .. ရက်ရှည်ဆို ညီမ အဆင်မပြေလို့ ပါ။ "

ရန်ကုန် Marketing ခေါင်းဆောင် ကိုစည်သူ ကျွန်မကို ကြည့်ပြီး တစ်ချက်ရယ်သည် ။

"နေ့ချင်းပြန် ညီမ။ အခြေအနေ အရ အဝတ်အစား တစ်စုံတော့ ပိုထည့်ခဲ့ပေါ့။ အလုပ်ကိစ္စက ဘာမှန်း မသိဘူးလေ "

"ဟုတ်၊ အာ့စို အဆင်ပြေပါတယ်။ ညီမ ပြင်ထားလိုက်မယ်.."

"အိုကေ"

တော်ပါသေးတယ် နေ့ချင်းပြန်တဲ့ ။ ကျွန်မ သက်ပြင်းလေး မသိမ

သာ ချပြီး နေရာမှာ ထိုင်ကာ လုပ်လက်စကို လက်စ သတ်နေလိုက်သည် ။

***